JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

**ဇွန်လ ၂၈ရက် ၂၀၂၂ - မြန်မာ**

# Petronas၊ PTTEP၊ ENEOS၊ Mitsubishi Corp နှင့် ဂျပန်အစိုးရ ရဲ့တံခွန်သဘာဝဓါတ်ငွေ့စီမံကိန်းမှ တာဝန်မဲ့ထွက်ခွာမှု

## Gulf Petroleum Myanmar ကို လုပ်ငန်းရှင်သစ်အဖြစ် စစ်ကောင်စီခန့်အပ်

မြန်မာစစ်ကောင်စီဟာ ရဲတံခွန်သဘာဝဓါတ်ငွေ့စီမံကိန်းကို တာဝန်ယူကြီးကြပ်လုပ်ကိုင်မယ့် ကုမ္ပဏီအဖြစ် Gulf Petroleum Myanmar (GPM) ကို ခန့်အပ်တာဝန်ပေးလိုက်တယ်လို့ အဲဒီလုပ်ငန်းနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ Justice For Myanmar ရဲ့သတင်းရင်းမြစ်တစ်ရပ် နဲ့ Myanmar Now ရဲ့သတင်းဖော်ပြချက်အရ သိရပါတယ်။

Petronas နဲ့ မိတ်ဖက်တွေရဲ့ခုလိုတာဝန်မဲ့ ရုပ်သိမ်းထွက်ခွာတဲ့ လုပ်ရပ်က အကြမ်းဖက် မြန်မာစစ်အုပ်စုအတွက် အခွန်ဝင်ငွေရင်းမြစ် ဆက်ပေးအပ်နေဖို့ ဖြစ်ပြီး၊ မကြာခင်ကုန်ခမ်းတော့မယ့် ဒီဓါတ်ငွေ့တွင်းကို ပိတ်သိမ်းတဲ့အခါ ဖြစ်လာမယ့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်တွေကိုလည်း မြင့်တက်စေမှာ ဖြစ်ပါတယ်။

Petronas ဟာ PTTEP နဲ့ ENEOS တို့ ပေါင်းထားတဲ့ ကုမ္ပဏီခွဲတစ်ခုဖြစ်တဲ့ Nippon Oil Exploration (Myanmar) နဲ့ မိတ်ဖက်သဘောတူညီချက်တစ်ရပ်အရ ရဲတံခွန်ဓါတ်ငွေ့စီမံကိန်းရဲ့ လက်ရှိ ကြီးကြပ်လုပ်ကိုင်သူ လုပ်ငန်းရှင်ကုမ္ပဏီ ဖြစ်ပါတယ်။

ရဲတံခွန်ဓါတ်ငွေ့စီမံကိန်းရဲ့ ရင်းနှီးမြှုပ်နှံသူတွေကို ဒီစီမံကိန်းကနေ တာဝန်ယူမှုအပြည့်နဲ့ နှုတ်ထွက်ပေးကြဖို့ Friends of the Earth Japan, Justice For Myanmar နဲ့ Mekong Watch တို့က အကြိမ်ကြိမ်တောင်းဆိုတိုက်တွန်းခဲ့ပြီး ဖြစ်ပါတယ်။ တာဝန်ယူမှုအပြည့်နဲ့ နှုတ်ထွက်တယ်ဆိုတာမှာ အကြမ်းဖက်မြန်မာစစ်အုပ်စုဆီကို အခွန်ဝင်ငွေတွေ အနာဂတ်မှာ မစီးဆင်းအောင် သေသေချာချာစီစဉ်ဖို့နဲ့ လက်ရှိလူ့အခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုတွေကို ရှောင်ရှားနိုင်မယ့် နည်းလမ်းတွေနဲ့ ဒီဓါတ်ငွေ့တွင်းကို ပိတ်သိမ်းဖို့ သင့်လျော်တဲ့ နည်းလမ်းအဆင့်ဆင့်နဲ့ လုပ်ဆောင်သွားဖို့ ဖြစ်ပါတယ်။

အကြမ်းဖက်စစ်အုပ်စု ထိန်းချုပ်ထားတဲ့ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) အပေါ် ဒဏ်ခတ်ပိတ်ဆို့ကြဖို့ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ တစိုက်မတ်မတ်တောင်းဆိုမှုတွေကိုလည်း လျစ်လျူရှုခဲ့ကြပါတယ်။ ဒီနေ့အချိန်အထိ ဥရောပသမဂ္ဂ တဖွဲ့တည်းကသာ MOGE အပေါ် ဒဏ်ခတ်ပိတ်ဆို့တာ ရှိပါသေးတယ်။

**Gulf Petroleum Myanmar က ဘယ်သူလဲ?**

GPM ကုမ္ပဏီဟာ ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နဝါထရာရဲ့ စီးပွားရေးလုပ်ငန်း ဒါရိုက်တာအဖွဲ့မှာ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ခဲ့ပြီး ဝန်ကြီးချုပ်ဟောင်း ချာဗလစ် ယောင်ချိုင်ယုရဲ့ အကြံပေးဖြစ်ခဲ့တဲ့ ထိုင်းသူဌေးကြီး ချတ်ချိုင်း ယမ်ဘန်ရွှန်းက ကျောထောက်နောက်ခံ ပေးထားတဲ့ ပုဂ္ဂလိက ရေနံနဲ့ဓါတ်ငွေ့ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။

ဒီကုမ္ပဏီဟာ စင်ကာပူနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံတို့မှာ စီးပွါးရေးလုပ်ငန်းတွေရှိတဲ့ Northern Gulf Petroleum group ရဲ့အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါတယ်။

ယမ်ဘန်ရွှန်းရဲ့အကြမ်းဖက် မြန်မာစစ်အုပ်စုနဲ့ စီးပွါးရေးဆက်နွယ်မှုဟာ ၁၉၉၅ ခုနှစ် အစောပိုင်းကာလ Myanmar Yellow Pages ထုတ်လုပ်ဖို့အတွက် မြန်မာစစ်တပ်ထိန်းချုပ်ထားတဲ့ မြန်မာ့စာတိုက်နဲ့ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းက ဆယ်နှစ်လိုင်စင်တစ်ခု ရခဲ့တာက စတင်ခဲ့ပါတယ်။

GPM ဟာ ထိုင်းနိုင်ငံအခြေစိုက် Northern Gulf Petroleum ကုမ္ပဏီအုပ်စုရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ GPM ရဲ့ ဝဘ်ဆိုဒ် မှာဖော်ပြထားချက်အရ Northern Gulf Petroleum ကုမ္ပဏီအုပ်စုကို ဘာမြူဒါမှာ မှတ်ပုံတင်ထားတဲ့ ဟန်ပြကုမ္ပဏီတွေကတဆင့် ဖွဲ့စည်းထားတာဖြစ်ပြီး စင်ကာပူနိုင်ငံမှာ ဦးပိုင်ကုမ္ပဏီတစ်ခု ရှိပါတယ်။ ချတ်ချိုင်းယမ်ဘန်ရွှန်း နဲ့ Northern Gulf Petroleum တို့ဟာ British Virgin Islands မှာလည်း နိုင်ငံခြားမှတ်ပုံတင်ကုမ္ပဏီတွေကို တည်ထောင်ထားကြောင်း နိုင်ငံတကာ စုံစမ်းထောက်လှမ်း သတင်းသမားညွှန့်ပေါင်းအဖွဲ့အစည်း (International Consortium of Investigative Journalists) ရဲ့ နိုင်ငံခြားမှတ်ပုံတင်ကုမ္ပဏီများဆိုင်ရာ လျှို့ဝှက်ပေါက်ကြားချက် သတင်းအချက် အလက်တွေအရ သိရပါတယ်။

ဘာမြူဒါ၊ British Virgin Islands နဲ့ စင်ကာပူနိုင်ငံတို့ဟာ စီးပွားရေးလုပ်ငန်းကြီးတွေအပေါ် အခွန်ငွေ ရှောင်လိုသူတွေအတွက် နတ်ပြည်တွေ ဖြစ်ကြပါတယ်။

Northern Gulf Petroleum ကို ၂၀၀၄ ခုနှစ် သက်ဆင်အစိုးရလက်ထက် ၁၉ ကြိမ်မြောက် ရေနံတူးဖော် ထုတ်လုပ်ခွင့်မှာ လေလံဝင်ပြိုင်ဖို့ ဖွဲ့စည်းခဲ့တယ်လို့ ထိုင်းသတင်းမီဒီယာတွေက ဖော်ပြ ခဲ့ပါတယ်။ ဒီ ကုမ္ပဏီဟာ အရည်အချင်းသတ်မှတ်ချက် ပြည့်မီခြင်းမရှိပေမဲ့ ရေနံတူးဖော်ထုတ်လုပ်ခွင့်ကို ရရှိခဲ့ပြီး၊ ၂၀၀၆ ခုနှစ် သက်ဆင်ကို ဖြုတ်ချခဲ့တဲ့ ထိုင်းစစ်တပ်အာဏာသိမ်းမှုနောက်ပိုင်း လုပ်ပိုင်ခွင့်တွေ ပေးအပ်ခဲ့ပါတယ်။ ယမ်ဘန်ရှွန်းဟာ ကနေဒါနဲ့ ဩစတြေးလျမှာရှိတဲ့ ရေနံနဲ့သတ္တုတူးဖော်ရေးလုပ်ငန်း ကုမ္ပဏီတွေမှာလည်း ရင်းနှီးမြှုပ်နှံထားပါတယ်။

GPM ရဲ့ ဥက္ကဌက SMART Group of Companies ရဲ့ ဒါရိုက်တာ နဲ့ ဥက္ကဌဖြစ်တဲ့ ကျော်ကျော်လှိုင် ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကို ၁၉၉၄ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့အရင်အာဏာရှင်လက်ထက် စစ်တပ်ထိန်းချုပ် ထားတဲ့ ရေနံလုပ်ငန်းကို ဝန်ဆောင်မှုပေးဖို့အတွက် စတင်တည်ထောင်ခဲ့တာပါ။ GPM ရဲ့ ဒုတိယ ဒါရိုက်တာက SMART Group of Companies ရဲ့ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ဇာနည်ဆွေ ဖြစ်ပါတယ်။

GPM ဒါရိုက်တာဖြစ်တဲ့ နီလွင်စိုးဟာ Thaisat Global's Myanmar unit၊ Northern Gulf Petroleum Myanmar Limitedနဲ့ Myanmar Gulf LNG Company Limited တို့အပါအဝင် ယမ်ဘွန်ရှွန်းရဲ့ ကုမ္ပဏီအမြောက်အမြားမှာ ဘုတ်အဖွဲ့ဝင်အဖြစ် တာဝန်ယူထားပါတယ်။

တရားမဝင်စစ်ကောင်စီက Petronas ကုမ္ပဏီရဲ့နေရာမှာ အစားထိုးနိုင်ဖို့ ရဲတံခွန်စီမံကိန်းမှာ ကြီးကြပ် လုပ်ကိုင်လိုတဲ့ ကုမ္ပဏီတွေနဲ့ ရှယ်ယာရှင်တွေကို မေလ ၂၀ ရက်မှာ နောက်ဆုံးထားပြီး လေလံဆွဲဖို့ ဖိတ်ခေါ်တဲ့ ကြေညာချက်တစ်စောင် ကို ၂၀၂၂ ခုနှစ် မေလ ၁၄ ရက်နေ့မှာ တက်သုတ်ရိုက် ထုတ်ပြန်ခဲ့ပါတယ်။

အခြားလေလံဝင်ပြိုင်တဲ့ သူတွေထဲမှာ ခရိုနီကုမ္ပဏီ ရွှေဗိုလ်မြူအုပ်စုနဲ့ ဆက်နွယ်တဲ့ ကုမ္ပဏီတစ်ခု လည်း ပါဝင်ပါတယ်။

GPM ဟာ မေ ၃၁ ရက်နေ့ ကတည်းက စီမံကိန်းကို လွှဲပြောင်းရယူခဲ့တယ်လို့ အဲဒီနယ်ပယ်က သတင်းရင်းမြစ်တစ်ရပ်က Justice For Myanmar ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ Petronas

အနေနဲ့ သူ့ရဲ့ Acid Gas Removal Unit (AGRU) စီမံကိန်းပြီးစီးတာနဲ့ GPM ကို အပြီးသတ် လွှဲပြောင်းပေးအပ်ရမှာဖြစ်ပါတယ်။ Petronas ဟာ အရင်က GPM နဲ့ အရောင်းအဝယ် သဘောတူညီချက်တစ်ခု ရှိဖူးပါတယ်။

**Justice For Myanmar ရဲ့ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်**က "ရဲတံခွန်ဓါတ်ငွေ့စီမံကိန်းကို Gulf Petroleum Myanmar က လွှဲပြောင်းရယူလိုက်တာဟာ စစ်ရာဇဝတ်မှုနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုတွေကို အရေးယူအပြစ်ပေးခံရခြင်းအလျဉ်းမရှိဘဲ ကျူးလွန်ခွင့်ရနေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ မြန်မာစစ်ကောင်စီအတွက် ဘဏ္ဍာငွေတွေ ဆက်ပြီးစီးဆင်းဖို့ သေချာသွားစေတာ ဖြစ်ပါတယ်။

"Gulf Petroleum Myanmar နဲ့ သူ့ရဲ့ ဒါရိုက်တာတွေ၊ ရှယ်ယာရှင်တွေအနေနဲ့ မြန်မာစစ်အုပ်စုရဲ့ ရာဇဝတ်မှုတွေကို အားပေးကူညီနေတဲ့လုပ်ရပ်တွေအတွက် မဖြစ်မနေ တာဝန်ခံကြရပါမယ်။

"အကြမ်းဖက်မြန်မာစစ်အုပ်စု ထိန်းချုပ်ထားတဲ့ မြန်မာ့ရေနံနဲ့ သဘာဝဓါတ်ငွေ့လုပ်ငန်းကို အမေရိကန်၊ ဂျပန်နဲ့ အခြားသော အစိုးရတွေက ဒဏ်ခတ်ပိတ်ဆို့ဖို့ ပျက်ကွက်နေတဲ့အတွက်ကြောင့် သူတို့ အခုလို ဝင်ပြီးလုပ်ကိုင်ဖို့ ဖြစ်ခဲ့တာပါ။

"ရေနံနဲ့သဘာဝဓါတ်ငွေ့ကရတဲ့ အခွန်ငွေတွေ စစ်ကောင်စီကရနေတာကို ပိတ်ဆို့ဖို့အတွက် အရေးယူ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို တက်ညီလက်ညီ အချိတ်အဆက်မိမိ အမြန်ဆုံးလုပ်ဆောင်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။

"Petronas၊ PTTEP နဲ့ Nippon Oil တို့အနေနဲ့ ရဲတံခွန်ဓါတ်ငွေ့စီမံကိန်းကနေ အခုလိုပုံစံနဲ့ ရုတ်သိမ်းထွက်ခွာတဲ့အတွက် ဖြစ်ပေါ်လာတဲ့လူ့အခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်တွေအတွက် တာဝန်ရှိကြပါတယ်။

"သူတို့အနေနဲ့ သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာရမယ့်ပြဌာန်းချက်တွေကို အများပြည်သူသိအောင် ထုတ်ပြန်ပေးရပါမယ်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်း

တွေ၊ အကျိုးဆက်ရိုက်ခတ်တဲ့ လူ့အသိုင်းအဝန်းတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး ဆိုးကျိုးသက်ရောက်မှုတွေကို ပြန်ပြီး ကုစားပေးရမှာ ဖြစ်ပါတယ်။"

**ထပ်မံသိရှိလိုပါက**

JFM မှ ဖော်ထုတ်ထားတဲ့ "ပေါက်ကြားလာသည့် စာရွက်စာတမ်းများက မင်းအောင်လှိုင်ကိုယ်တိုင်သည်ပင် ရေနံနှင့် သဘာဝဓာတ်ငွေ့မှ ငွေပေးချေမှုများအပေါ် စိုးရိမ်ပူပန်နေကြောင်း ဖော်ပြ"ပါ သတင်းဆောင်းပါးကို ယခု နေရာတွင် ရယူပါ။

"ရေနံနှင့် သဘာဝဓါတ်ငွေ့က မြန်မာစစ်အုပ်စုကို မည်သို့လျှင် အဓိက ငွေကြေးထောက်ပံ့မှု ရစေသလဲ။" JFM ၏ စုံစမ်းဖော်ထုတ်ထားမှုအား ယခု နေရာတွင် ရယူပါ။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများအဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။